Diploma Programme
Programme du diplôme
Programa del Diploma

# Burmese A: literature – Standard level – Paper 1
# Birman A : littérature – Niveau moyen – Épreuve 1
# Birmano A: literatura – Nivel medio – Prueba 1

Wednesday 10 May 2017 (afternoon)
Mercredi 10 mai 2017 (après-midi)
Miércoles 10 de mayo de 2017 (tarde)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

### Instructions to candidates

- Do not open this examination paper until instructed to do so.
- Write a guided literary analysis on one passage only. In your answer you must address both of the guiding questions provided.
- The maximum mark for this examination paper is **[20 marks]**.

### Instructions destinées aux candidats

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez une analyse littéraire dirigée d'un seul des passages. Les deux questions d'orientation fournies doivent être traitées dans votre réponse.
- Le nombre maximum de points pour cette épreuve d'examen est de **[20 points]**.

### Instrucciones para los alumnos

- No abra esta prueba hasta que se lo autoricen.
- Escriba un análisis literario guiado sobre un solo pasaje. Debe abordar las dos preguntas de orientación en su respuesta.
- La puntuación máxima para esta prueba de examen es **[20 puntos]**.

2217 – 0519



© International Baccalaureate Organization 2017

International Baccalaureate
Baccalauréat International
Bachillerato Internacional

https://xtremepape.rs/

လမ်းညွှန်ပေးထားသည့်မေးခွန်းများအပေါ် အခြေခံပြီး အောက်ပါတို့အနက်မှ **တစ်ခု**အပေါ် စာပေသုံးသပ်ချက် ရေးပါ။ သင့်အဖြေမှာ ပေးထားသည့်လမ်းညွှန် မေးခွန်းနှစ်ခုစလုံးကို ထည့်သွင်းဖြေဆိုထားရပါမည်။

**1.**

## အပေါင်းသည်လည်းကောင်း အနုတ်သည် လည်းကောင်း

ကျွန်တော့်ဘဝတွင် မေ့နိုင်ဖွယ်ရာမရှိသော ထိုနေ့က ဈေးအပြန်လမ်းသည် အခါတိုင်းထက်ပို၍ ခြောက်သွေ့တိတ်ဆိတ် နေသည်ဟု ကျွန်တော် အလိုလိုသိနေသော်လည်း ထူးထူးခြားခြား ရှိလိမ့်မယ်ဟုတော့ မထင်မိခဲ့။ မျှော်လည်း မျှော်လင့်မထားခဲ့။ သို့သော် ထိုနေ့ထိုအချိန်လေးသည် အေးချမ်းတည်ငြိမ်စွာ ပျော်စရာကောင်းနေသည်ဟု ကျွန်တော်တို့ မောင်နှမနှစ်ယောက် ထင်မှတ်ထားခဲ့သော ကျွန်တော်တို့မိသားစုဘဝလေးကို အသိုက်ထဲမှ ထွက်ကျသွားသည့် ငှက်ဥလေး တစ်ဥနှယ် ကွဲကျလွင့်စင် သွားစေခဲ့သည့် နေ့တစ်နေ့၏ အချိန်ကလေးတစ်ခုသာ ဖြစ်နေပါတော့သည်။

"ကိုတု ကျွန်မ ဒီနေ့အိမ်ပေါ်ကဆင်းတော့မယ်။ သူတို့နဲ့အတူ ဒီအိမ်မှာ လုံးဝမနေနိုင်တော့ဘူး"

တိတ်ဆိတ်နေခြင်းကို စတင်ဖောက်ခွဲပစ်လိုက်သည့် အမေ့အသံက ဘေးချင်းကပ်နှစ်ကိုယ်ကြား ကြားလောက်ရုံ မျှ ဖြစ်သော်လည်း အဖေ့နားထဲ ဗုံးတစ်လုံး အမှတ်မထင်ကျကွဲလိုက်သည့်အသံနှင့်များ ဆင်သွားသလားမသိ။ အမေ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည့် အဖေ့ခန္ဓာကိုယ်သည်ပင် ဆတ်ခနဲ တုန်သွားလိုက်သလိုပါဟု ကျွန်တော် မြင်သည်။ ကျွန်တော့်နားထဲ တွင်တော့ အဲဒါသည် မမြင်သာသော မြေမြှုပ်မိုင်းတစ်လုံး ထပေါက်လျက် ကျွန်တော့်ရင်ကိုခွဲကာ အသည်းနှလုံးတွေပင် လွင့်စဉ်ထွက်သွားပြီလားဟု ထင်လိုက်မိသည်။ အဖေ့မျက်နှာပေါ်မှ ဒါ အမေ့နှုတ်မှ ထွက်လာသည့်စကားမှ ဟုတ်ပါလေစဟု မယုံကြည်နိုင်စွာ အံ့သြနေမှုများကိုလည်း ကျွန်တော် မြင်နေရသေးသည်။

အဖေ့နာမည် "ဦးအောင်ဇေယျတု" ကို အမေက ကိုတုဟု ဖြတ်၍ခေါ်သည်မှာ ခေါ်နေကျမို့ မဆန်းလှသော်လည်း အမေ့အသံ ဆတ်တောက်တောက်ဖြစ်နေကြောင်း ကျွန်တော်သတိထားမိသည်။ အဖေနှင့်အမေတို့၏ မျက်နှာနှစ်ခုလုံးက လည်း မီးတောက်တွေ အပြိုင်အဆိုင်ပေါက်ကွဲနေလိုမျိုး အပူငွေ့တွေသာ လွှမ်းနေသည်ဟု ကျွန်တော်မြင်နေရသည်။

"ဆင်းမယ်ဆိုရင်တော့လည်း သဘောပဲ ဆင်းချင်ဆင်းပေါ့။ အေး ဒါပေမယ့် ဆင်းလမ်းရှိပေမယ့် တက်လမ်းမရှိဘူးနော်"

အမေ့စိန်ခေါ်သံကို တုံ့ပြန်လိုက်သည့် အဖေ့အသံကလည်း သံမဏိသားကို လွှသွားထက်ထက်ဖြင့် တိုက်ချလိုက်သည့် အသံမျိုးဆန်နေပြန်သေးသည်။ သို့သော် ကျယ်ကျယ်လောင်လောင် မဟုတ်ဘဲ အေးခဲနေလျက် ပြောင်းဝကျဉ်းကျဉ်းထဲမှ ညှစ်ထွက်လာသည့် ကျည်ဖူးလေးတစ်ခုလို စူးအားပြင်းထန်နေနိုင်သည်ဟု ကျွန်တော်ထင်ပါသည်။

အမေ နှုတ်ခမ်းတစ်ချက်မဲ့လိုက်တာ ကျွန်တော်မြင်သည်။ အငို၏မဲ့ခြင်းမျိုးမဟုတ်သော သရော်မဲ့ မဲ့လိုက်သည့် ထီမထင် အမဲ့မျိုးဖြစ်၏။ မဲ့လိုက်သော ထိုနှုတ်ခမ်းမှ ထပ်ထွက်လာသည့် စကားအနည်းငယ်မျှကလည်း ခံတပ်အခိုင်အမာတည်ဆောက် ထားပြီး ဖြစ်သည့် တပ်မှူးတစ်ယောက်၏ စစ်ကြေညာသံမျိုးနှင့် အတော်ဆင်ပါသည်။ အမေ့စကားက . . .

"ကျွန်မကလည်း ဘူးဆိုရင် ဖရုံမသီးတတ်တဲ့ မိန်းမစားမျိုးပါ" ဒါပဲဖြစ်၏။

ထိုစဉ် အသက်လေးဆယ်ပတ်ဝန်းကျင်မျှသာ ရှိကြသေးသည့် အဖေနှင့်အမေတို့ နှစ်ဦးသား မတိုးမကျယ်ပြောခဲ့ကြသော ထိုအပြန်အလှန် စကားလေးသုံးခွန်းက အဖေနှင့်အမေ အမှန်တကယ် ကျောခိုင်းကြသည်ထိ လင်ခန်းမယားခန်းပြတ်အောင် အဆုံးအဖြတ်ပေးခဲ့သည်ကမူ အနည်းငယ်မျှ အံ့သြစရာကောင်းနေခဲ့သလားဟု ယခုအခါတွင် ကျွန်တော်ပြန်တွေးနေမိသည်။

ထို့ပြင် ထိုမျှလောက် တစ်ဦးကိုတစ်ဦး ပြန်စောင်းမျှမကြည့်ကြတော့လောက်အောင် ကျောခိုင်းသွားခဲ့ကြသည့် အဖေနှင့် အမေတို့နှစ်ဦး နင်ပဲငဆေ ခွန်းကြီးခွန်းငယ် စကားများရန်ဖြစ်ကြသံမျိုး ငယ်စဉ်ကတည်းကပင် ကျွန်တော် မကြားဖူးခဲ့။ အဖေရော အမေပါ ဖောက်ဖောက်ပြန်ပြန် လော်လော်မာမာ နေထိုင်ခဲ့ကြသူတွေလည်း မဟုတ်ခဲ့။

အဖေက အရက်မသောက်၊ ဖဲမရိုက်၊ မပွေမရှုပ် လူစားမျိုးဖြစ်လျက် ဟင်းချိုထဲဆားခတ်ပြီး မိန်းမကို နိုင့်ထက်စီးနင်း ရန်ရှာတတ်သူမျိုး မဟုတ်ခဲ့သလို အမေကလည်း ကောက်ကောက်ကျစ်ကျစ် အူလက်တစ်ဆစ်ဖြင့် ယောက်ျားကို နားပူအောင် တောင်တောင်အီအီ ပူပူဆာဆာပြောနေတတ်သည့် မိန်းမစားမျိုး မဟုတ်ခဲ့။ သို့ပါလျက် အမုန်းကြီး မုန်းခဲ့ကြသူတွေလို ကျောခိုင်းခဲ့ကြသည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရပါလိမ့်ဟူသော မေးခွန်းကို ငယ်စဉ်ကတည်းကပင် အကြိမ်ကြိမ်မေးရင်း အဖြေ စဉ်းစားမိခဲ့သေး၏။ သို့သော် ကျွန်တော် အသက်အတော်လေးရကာမှ ထိုအဖြေကို ရခဲ့လေ၏။

အဖေနှင့်အမေတို့နှစ်ယောက် ကျောခိုင်းကြသည့် အကြောင်းရင်းထဲတွင် ကိုယ့်ကိုယ်ကိုယ် အမှားနည်းအောင် တည်ဆောက်ခဲ့ကြသူများ ပီပီ မာန်မာနတရားများ ကိုယ်စီရှိခဲ့ကြခြင်းက အခြေခံသည်ဟု ကျွန်တော်ထင်၏။ "ငါ ဘယ်တုန်းကမှ အမှား မကျူးလွန်ခဲ့ဖူးဘူး" ဆိုသည့် အတ္တ၊ မာနတံခွန်များကို ကိုယ်စီ အပြိုင်လွှင့်ထူရင်းဖြင့် တစ်ဦးပေါ်တစ်ဦး အပြန်အလှန် နားလည်မှု မပေးနိုင်ခဲ့ကြခြင်း ဖြစ်ဟန်တူသည်ဟု ကျွန်တော်က ကောက်ချက်ဆွဲချင်နေမိသည်။

https://xtremepape.rs/

ကျွန်တော့်အဖေနှင့်အမေတို့ ဖြစ်စဉ်က အလွန်ပင်ရိုးစင်းလွန်းလှပါသည်။

အမေက သားလေး သမီးလေးနှစ်ယောက်နှင့်အတူ အိုးခွဲအိမ်ခွဲ၍ တစ်စီးတစ်ပွား တစ်အိမ်ထောင် သီးသီးသန့်သန့် နေလိုသည်။ အဖေက သက်ရှိထင်ရှားရှိနေသေးသော မိအိုဖအိုများကို ထားမပစ်နိုင်ခဲ့သည့်အပြင် အိမ်ထောင်မရှိ အပျိုကြီး၊ လူပျိုကြီးများဖြစ်သည့် အစ်မနှစ်ယောက်၊ ညီတစ်ယောက်တို့နှင့်အတူ ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးနေချင်သည်။

"အမေက အိုးခွဲအိမ်ခွဲပြီး သီးသီးသန့်သန့်နေကြဖို့ပြောတိုင်း သူ့မိဘ ညီအစ်ကိုမောင်နှမအားလုံးက အမေ့အပေါ် ကောင်းကြသား ချစ်ကြသား ဘာလိုသေးလို့လဲလို့ပဲ သားတို့အဖေက အမြဲပြောတတ်တယ် သားရဲ့" ဟု ကျောခိုင်းကြပြီးမှ ရင်ထဲတွင် မကာသာတော့သဖြင့် ပေါက်ထွက်လာခဲ့ဖူးသော အမေ့စကားသံကို ကျွန်တော်မှတ်ထားမိဖူးသည်။ ယောက္ခမ ယောင်းမနှင့် မတ်တွေက သူ့အပေါ်ကောင်းကြသည် ဆိုခြင်းအပေါ် အမေငြင်းလိုဟန် မရှိခဲ့။ သို့သော် ကိုယ့်လင်ကိုယ့်သားနှင့် ဘဝမှာ ကိုယ့်ခြေကိုယ့်လက် ကိုယ့်ဆုံးဖြတ်ချက်နှင့်သာ အမေက တစ်ထီးတစ်နန်းနေလိုသည်။ လင်လုပ်သူ၏ အစ်မအကြီးဆုံးက အရာရာကို စီမံကွပ်ကဲဆုံးဖြတ် ချမှတ်ပေးနေသည်မှာ မည်မျှလောက်ပင် မှန်ကန်တရားမျှတမှုရှိနေစေဦး၊ အမေက နာခံသူမလုပ်ချင်တော့။ အများအိမ်ရှင်မများနည်းတူ ဦးစီးသူသာ ဖြစ်ချင်သည်။

ဤဖြစ်စဉ်သည်ပင် ကျွန်တော်တို့မိသားစုဘဝလေးကို ဖြိုချဖျက်ဆီးပစ်ခဲ့သော ပင်မအကြောင်းတရားဖြစ်သည်မှာ သေချာနေသော်လည်း မိသားစုဘဝတစ်ခုလုံး ပြိုကျပျက်စီးသွားလောက်ရအောင် လုံလောက်သော အခြေခံဖြစ်သည်ဟု ဆင်ခြင်တိုင်းထွာတတ်ခဲ့ပြီဖြစ်သည့် ကျွန်တော်၏ အသက်အပိုင်းအခြားအခြေအနေက ယခုအခါတွင် လက်မခံနိုင်တော့။ ထိုအကြောင်းနှင့်ပင် အဖေနှင့်အမေတို့နှစ်ဦး ကျောခိုင်းသွားခဲ့ကြသည့်တိုင် ထိုအကြောင်းအရာ၌ပင် စေ့စပ်၍မရနိုင် လောက်သော အခြေခံတရားတို့ ပါရှိနေခဲ့သည်ဟု ကျွန်တော်မထင်ခဲ့။ သို့သော် အဖေနှင့်အမေသည် စေ့စပ်ညှိနှိုင်းကာ အပြန်အလှန် နားလည်မှုပေးရခြင်း လုပ်ဟန်ကို မာန်မာနများအောက်၌သာ နှစ်ဦးသား အပြိုင်အဆိုင် နှစ်မြှုပ်သင်္ဂြိုဟ် ပစ်ခဲ့ကြပုံ ရသည်ဟုသာ တွေးကြည့်နေမိသည်။

မိဘနှစ်ပါး အကြောင်းမညီညွတ်၍ ကွဲကြကွာကြပြီဟု ဆိုပါလျှင် ပါဝင်ပတ်သက်ဆုံးဖြတ်ပိုင်ခွင့်မရှိသော သားသမီး မြေဇာပင်ဖြစ်ကြရခြင်းမှာ အလွန်ရိုးအီလှသော ပုံသေနည်းတစ်ခု ဖြစ်သော်လည်း အမေသည် ထိုနေ့က အိမ်ပေါ်မှ အမှန်တကယ်ပင် ဆင်းသွားခဲ့လေသည်။

"ငါဆင်းမယ်ဆိုတော့ ငါ့ကို ဘယ်သူမှတားမယ့်သူ မရှိကြဘူးဟဲ့" ဟု အမေက နောင်တွင်ပြောခဲ့ဖူးသေးသော်လည်း "တားရင်ကော အမေက မဆင်းဘဲနေမှာလား" ဟု ကျွန်တော်မမေးဖြစ်ခဲ့။ အမေ့စိတ်ကိုသိသော အဖေနှင့် အဖေ့ညီအစ်ကို မောင်နှမများက တားလည်းရမည် မဟုတ်ဟု ယူဆ၍ မတားခဲ့ကြတာလည်း ဖြစ်နိုင်ကြောင်း ယခုတော့ စဉ်းစားကြည့်မိ သေး၏။ ပြန်တွေးတော့ အမေ့စိတ်ကို ကျွန်တော် သိသလိုလိုရှိသည်။ တားကြလည်း အမေက ဆင်းမှာပါပဲဟု ယခုထက်တိုင် ကျွန်တော် ယုံကြည်နေဆဲရှိသည်။ အမေ့၌ ပြင်းထန်သော မာန်မာနရှိသည်။ ထို့ကြောင့်ပင် အမေအိမ်ပေါ်မှ ဆင်းလာတော့ အခြား လက်ဝတ်လက်စားများသာမက နားမှနားကပ်ကိုပင် ယူမသွားဘဲ ချွတ်ထားပစ်ခဲ့သည်။ သူ့တွင် လုပ်ရည်ကိုင်ရည် စွမ်းအားရှိကြောင်း လက်တွေ့ပြနိုင်ဖို့အတွက် ဖြစ်မည်ဟု ထင်သည်။

သင်းရီ၊ *မြန်မာဝတ္ထုတို* (၂၀၁၀)

(က) ဤစာပိုဒ်တွင် မိဘများအိမ်ထောင်ကွဲခြင်းကို စာရေးဆရာမှ နားလည်ရန်ကြိုးစားပုံကို ဆွေးနွေးပါ။

(ခ) စာရေးဆရာက ပုံရိပ်နှင့်အခြားသောအရေးအသားလက္ခဏာများကို အသုံးပြုထားပုံနှင့် စာဖတ်သူတို့အပေါ် ၎င်းတို့၏သက်ရောက်ပုံတို့ကို ဆွေးနွေးပါ။



https://xtremepape.rs/

**2.**

### မြို့က ဒီလိုပြ

ဟိုဟာလိုချင် ဒီဟာလိုချင်နဲ့ ဆန္ဒတွေပဲ အဖတ်တင်
ကြည့်စရာ ရုပ်ရှင်၊ ဖတ်စရာ စာအုပ် ကုန်ရင်
တခြား ဘဝတွေဆီ လျှောက် ကလစ်ကြည့်
အချစ်ဟာ ဆန်းဒဝချ်ထဲက ချိစ်လိုပဲ
ပေါင်မုန့်တစ်ချပ်တည်းကိုသုတ်ပြီးစားရင် အခဲလိုက်တွေသွားမှာကပ်ဟိုကပ်ဒီကပ်
ပေါင်မုန့်နှစ်ချပ်ကြားရောက်သွားတဲ့အခါ အရည်ပျော်ပြီးအရသာရှိနေလိုက်တာ/ရှိနေပုံပဲ
Oversea ဆိုတာမျိုးကလည်း Over Money ဖြစ်နေမှ ဆိုတော့ကာ
Mind Over ဖြစ်မသွားစေဖို့ Woofer ကိုအသံတိုး ကိုယ့်နားနှစ်ဖက် ကြားနိုင်ရုံ
ညည်းတွားဆိုပေါ့
ဘော်ဒါတွေ ပြောပြောကြတာက “အားကျတယ်လို့ မပြောရင် ယွေး မဟုတ်ဘူး”
အားကျမိတာလား မသိပေမဲ့ ငါ့ဆုတောင်းတွေ သူများဆီပါသွားသလားလို့
ပြန်ငှားကြည့်တာပါ။ ငါ့ဟာတွေ ဖြစ်နေမလားလို့ပါ
မျှော်လင့်ချက်နဲ့ အသက်ရှင်ရင် သေတာကြာလှပေါ့
ခေါင်းပေါ်မှ သနပ်ခါးသွေးသံ၊ ရေတတ်ဆုံထောင်းသံ၊
နံရံတခြားတစ်ဖက်မှ volume ဂိတ်ဆုံး သီချင်းသံများ၊
ဆယ်တန်းကျောင်းသား၊ တက္ကသိုလ်ကျောင်းသူများဆီက
ဟောက်သံ
နေ့လား ညလား နေရမည်မှာ ခြောက်လသာ ရောဂါသည်နဲ့
ဟိုဘက်လှိမ့် ဒီဘက်လှိမ့် မကုန်ဆုံးမလွန်မြောက်နိုင်တဲ့ စိတ္တဇညများ
သံပန်းကို ဆောင့်ကန်လျက် လှေကားအတိုင်းတက်လာတဲ့ ယိမ်းထိုးယမ်းကားသံ
မျက်နှာကြက်ပေါ်က အော်ဟစ်ဆဲဆို
ပြေးလွှားနေသံ
ကွန်ဒို၊ အဆင့်မြင့်အိမ်ရာ ယဉ်ကျေးမှုတွေလောက်တော့ ကန်ထရိုက်တိုက်လေးက
ဘယ်မျှော်လင့်လို့ ရမလဲ
ဒါ ပစ္စည်းရှိ/ ပစ္စည်းမဲ့ စည်းခြားနေခြင်းအတွေးကို ဆိုက်သွားတာလား
ပတ်ဝန်းကျင်ကောင်း/အချိန်ကောင်း/နေရာကောင်း ဆိုတာ
တစ်ဦးချင်းစီမှာ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ နေတာလား
လူတစ်ယောက်နဲ့ တစ်ယောက်၊ သုံးယောက်၊ ငါးယောက်၊ ဆယ်ယောက်
Base တွေ တူတယ် ပါဝါချင်းပေါင်းကြတယ
Equal ရဲ့ဘေးတစ်ဖက်မှာ ပတ်ဝန်းကျင်ဆိုတာ ဖြစ်လာတယ်
အကောင်းနဲ့ အဆိုးဟာလည်း ခွဲခြားစရာမလို ကွဲပြားသွားတာချည်းပဲ
၆လ ပြည့်ရင် ပြောင်းမယ် ၁နှစ် ပြည့်ရင် ပြောင်းမယ်
ပြေးသွားတဲ့ plan နောက် လက်ထဲက စက္ကူ လိပ်ဖြစ်နေတော့လည်း
အပေါ်၊ ဘေး၊ အောက်၊ လမ်းပေါ် ဟောင်လွန်းတဲ့ ခွေးတွေကြား
ရောရောယောင်ယောင် ဆွဲဆွဲငင်ငင် အူမိခြင်းလား။ ။

မေယွေး၊ www.poetryinternationalweb.net (၂၀၁၀)

(က) ကဗျာတွင် မြို့နှင့် မြို့သူမြို့သားများ၏ဘဝကို တင်ဆက်ထားပုံကို ဆွေးနွေးပါ။

(ခ) ကဗျာတွင် စကားလုံးအသုံးအနှုန်းများနှင့်စာရေးဟန်တို့ကို အသုံးပြုထားပုံများနှင့် မည်သို့သက်ရောက်မှု ရှိပုံတို့ကို ဆွေးနွေးပါ။

https://xtremepape.rs/